**Palaung State Liberation Front**
**ပလောင်ပြည်နယ် လွတ်မြောက်ရေးတပ်ဦး**

PO Box. 368, Chiang Mai 50000, Thailand, Tel: 66 084 807 2900 E-mail: palaungpslf@gmail.com

# ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး ၏ တတိယကြိမ်မြောက် ညီလာခံ ထုတ်ပြန်ကြေငြာချက်

ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး ၏ တတိယ အကြိမ်မြောက် ညီလာခံကို ၂၀၀၉ ခုနှစ်၊ နိုဝင်ဘာလ (၂၁) ရက်နေ့မှ (၂၃) ရက်နေ့ အထိ ထိုင်း–မြန်မာနယ်စပ် လွတ်မြောက်နယ်မြေတစ်နေရာတွင် အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ပါသည်။ ဤညီလာခံကြီးသို့ ပလောင်မျိုးချစ်ခေါင်းဆောင်များ၊ လူငယ်၊ အမျိုးသမီး အစရှိသည့် တပ်ဦးအဖွဲ့ဝင် ကိုယ်စားလှယ်ပေါင်း (၄၁) ဦး တက်ရောက်ခဲ့ပါသည်။

ဤညီလာခံကြီးတွင် ယနေ့ဖြစ်ရှိနေသော ပလောင်တိုင်းရင်းသားပြည်သူလူ၏ အခြေအနေ၊ ပြည်တွင်းပြည်ပ အခြေအနေ တို့ကို အကြေအလည်သုံးသပ်ဆွေးနွေးခဲ့ကြသည်။ ထိုသို့ဆွေးနွေးသုံးသပ်ကြပြီးနောက် ဆုံးရှုံးနေသော ပလောင်အမျိုးသားတို့၏ အခွင့်အရေးများကို ပြန်လည်ဖော်ဆောင်နိုင်ရန်အတွက် နိုင်ငံရေး၊ စစ်ရေးဆိုင်ရာ မူပေါ်လစီများ၊ ရေ့လုပ်ငန်းစဉ်များကို ချမှတ်ခဲ့ကြသည်။

ညီလာခံကြီးတွင် နအဖ၏ ၂၀၀၈ ခုနှစ်နိုင်ငံတော်ဖွဲ့စည်းပုံဥပဒေကို တိုက်ဖျက်ရန်နှင့် ယင်းဖွဲ့စည်းပုံကိုအခြေခံကျင်းပမည့် ၂၀၁၀ ရွေးကောက်ပွဲကို ပြတ်ပြတ်သားသားဆန့်ကျင်ကန့်ကွက်သွားမည့် လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် တညီတညွတ်တည်း ဆုံးဖြတ်ခဲ့သည်။ တိုင်းရင်းသားအပစ်အခတ်ရပ်အဖွဲ့အစည်းများကို နယ်ခြားစောင့်တပ်အသွင်ပြောင်းရန် နည်းမျိုးစုံဖိအားပေးနေသော နအဖ စစ်အုပ်စု၏ လုပ်ရပ်ကို ညီလာခံကြီးမှ အပြင်းအထန်ကန့်ကွက်ပြီး ညီနောင်အပစ်ရပ် တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များကိုလည်း အမျိုးသား နိုင်ငံရေးအပေါ်အခြေခံသည့် တော်လှန်ရေးသတိဖြင့် စစ်အုပ်စုကို စုပေါင်းရင်ဆိုင်ရန် တိုက်တွန်းလိုက်ပါသည်။

မြန်မာ့နိုင်ငံရေးပြဿနာကို ငြိမ်းချမ်းစွာဖြေရှင်းရန်အတွက် နအဖ စစ်အုပ်စု အား ညီလာခံကြီးမှ အောက်ပါတောင်းဆိုချက်များကို အလေးအနက်ထားတောင်းဆိုလိုက်ပါသည်။

(၁) အပစ်ရပ်အင်အားစုများ၊ တိုက်ပွဲဝင်ဆဲလက်နက်ကိုင် တိုင်းရင်းသားအဖွဲ့အစည်းများနှင့် နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးရန်
(၂) အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တင်ပြထားသော ရွှေဂုံတိုင်ကြေညာချက်ကို လိုက်လျောအကောင်အထည်ဖော်ရန်
(၃) ဒေါ်အောင်ဆန်းစုကြည်၊ ဦးတင်ဦး၊ ခွန်ထွန်းဦး အပါအဝင် နိုင်ငံရေးအကျဉ်းသားများအားလုံးကို ချွင်းချက်မရှိ ချက်ချင်း လွှတ်ပေးရန်

ဤညီလာခံကြီးမှ တတိယအကြိမ်ညီလာခံ သက်တမ်းကာလအတွင်း တပ်ဦး၏ ချမှတ်ထားသောလုပ်ငန်းစဉ်များကို ဦးဆောင် အကောင်အထည်ဖော်ဆောင်နိုင်ရန် ဗဟိုကော်မီတီအဖွဲ့ကို ရွေးချယ် ဖွဲ့စည်းပြီး

မိုင်းအိုက်ဖုန်း – ဥက္ကဋ္ဌ
မိုင်းဘုန်းကျော် – အထွေထွေအတွင်းရေးမှူး
တာဆိုမုံမ် – တွဲဘက်အထွေထွေအတွင်းရေးမှူး တို့အပါအဝင် ဗဟိုအလုပ်အမှုဆောင်ကော်မီတီအဖွဲ့ ၇ ဦး ကို ရွေးချယ် တာဝန်ပေး ခဲ့ကြသည်။

နိဂုံးချုပ်အနေဖြင့် တိုင်းရင်းသားနှင့်ဒီမိုကရေစီအခွင့်အရေးများကို အာမခံနိုင်သည့် ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတော်တည်ဆောက်မည့် တော်လှန်ရေးကြီး အောင်ပွဲခံသည်အထိ ပလောင်မိဘပြည်သူများနှင့်အတူ တော်လှန်တိုက်ပွဲဝင် သွားကြမည်ဖြစ်ကြောင်း အဓိဌာန်ပြုရင်း ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး၏ တတိယအကြိမ်ညီလာခံ သဘောထားကို ထုတ်ပြန်ကြေညာလိုက်ပါသည်။

**ဗဟိုအလုပ်အမှုဆောင်ကော်မီတီ**
**ပလောင်ပြည်လွတ်မြောက်ရေးတပ်ဦး (PSLF)**
**၂၀၀၉ ခုနှစ် နိုဝင်ဘာလ ၂၆ ရက်။**

**ဆက်သွယ်ရန် – (၆၆) ၀၈၄ ၈၀၇ ၂၉၀၀**